**၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ ချင်းမိုင်မြို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်း များနှင့်ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်**

၂၀၁၄ ခုနှစ်ဇူလိုင်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အကြံပြုဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ အမည်စာရင်းများအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၇)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းပေါင်းစုံနှင့် ဆွေးနွေးမှုပြုခြင်း၊ နိုင်ငံရေးအကူးအပြောင်းကာလ ညင်သာမှုရှိခြင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ကဏ္ဍ၊ ကျန်းမာရေးနှင့် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး

**မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။**

**ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ နှင့် အဖွဲ့အစည်းပေါင်းစုံနှင့်ဆွေးနွေးမှုပြုခြင်း**

ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ဆောင်မှုများပိုမိုပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်ရန်လိုသည်။ ဒေသခံအဖွဲ့ အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်မှုများတိုးမြင့်လုပ်ဆောင်ရန် လိုအပ်သည်။ (၄)

- သို့မှသာ ကမ္ဘာ့ဘဏ်အုပ်စု၏စီမံကိန်းများသည် နိုင်ငံတကာမှကျွမ်းကျင်မှုများအပြင် ဒေသနှင့် ဆီလျော်သော တိကျသေချာသော ဗဟုသုတများရှိထားကြောင်းသေချာစေမည်။ (၂)
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် လူထု၏ ဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို အစိုးရ၏မျှော်မှန်းချက်များနှင့် စေ့စပ်ပေးရန်နည်းလမ်းတစ်ခုကို ရှာဖွေပေးသင့်သည်။

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပိုမိုထိရောက်သော အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးသင့်သည်။ (၄)

- ဤအကြံပြုဆွေးနွေးပွဲကို ကောင်းစွာစီမံထားခြင်းမရှိဟုမြင်သည်။ ဖိတ်ကြားစာများနှင့် သတင်းအချက်အလက်များအား ဆွေးနွေးပွဲကျင်းပခါနီးမှ လက်ခံရရှိသည်။
- ကမ္ဘာ့ဘဏ်အုပ်စုသည် အစိုးရအဖွဲ့နှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံသည်ဟု ဆိုသော်လည်း အစိုးရ မဟုတ်သော အဖွဲ့များနှင့်အကြံပြုဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်သင့်သည်။
- SCD နှင့် CPF အကြောင်းအရာများအား အသေးစိတ်ဖော်ပြစေလိုပါသည်။ ယခုရရှိသောစာရွက်စာ တမ်းမှာ အသေးစိတ်ဖော်ပြမှုမရှိပါ။
- ပေးပို့ထားသော စာတမ်းများအားနားလည်ရန်နှင့် ပြဿနာအရပ်အရပ်အားဆွေးနွေးရန် ဆွေးနွေးပွဲများ ပိုမိုပြုလုပ်သွားသင့်သည်။
- ဆွေးနွေးပွဲများတွင်ပိုမိုပါဝင်လာစေရန် ကျွန်ုပ်တို့အားထောက်ပံ့မှုပြုစေလိုပါသည်။
- ကမ္ဘာ့ဘဏ်မှ SCD-CPF အကြံပြုဆွေးနွေးပွဲများကျင်းပနေသည်။ သို့သော်လည်း ဆုံးဖြတ်ချက် ချမှတ်သည့်နေရာတွင် မိမိတို့ပါဝင်ခွင့်မရသေးဟု ခံစားရသည်။

- အင်အားချိန်ခွင်မညီမျှမှုဖြစ်ပေါ်နိုင် သောကြောင့် အပစ်အခတ်ရပ်စဲရေးကာလတွင် အစိုးရအား စွမ်းဆောင်ရည်မြင့်တင်ပေးခြင်းကို အကူအညီမပေးသင့်သေးပေ။ အစိုးရမဟုတ်သော အဖွဲ့များအားလည်း ကူညီထောက်ပံ့မှုပြုသင့်သည်။ တိုင်းရင်းသားဒေသများတွင် ချမှတ်ထားပြီးသော ကျန်းမာရေးနှင့် ပညာရေး အစီအစဉ်များကို အကူအညီပေးရန် တိုင်းရင်းသားအဖွဲ့များနှင့် တိုက်ရိုက်ထိတွေ့နိုင်မည့်နည်းလမ်းကိုရှာဖွေ သင့်သည်။ (၃)
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် အစိုးရသုံးနှုန်းနေသော မှန်ကန်မှုမရှိသောသတင်းအချက်အလက်များအား သတိချပ်ရန်လိုအပ်သည်။ နိုင်ငံရေးအရထိရှလွယ်သော အစိုးရသုံးနှုန်းထားသောစကားလုံးများအား ကမ္ဘာ့ဘဏ်၏ စာတမ်းများတွင်အသုံးပြုခြင်းအားရှောင်ကျဉ်သင့်သည်။ (၂)
  - အစိုးရမှ သုံးနှုန်းနေသောပြောဆိုမှုများနှင့် လက်တွေ့ဘဝတွင် အမှန်တကယ် ဖြစ်ပျက်နေမှုများ အားနားလည်ရန် ကြိုးစားပါ။
- ကဏ္ဍအားလုံးပြုပြင်ပြောင်းလဲရန်လိုသော်လည်း ပြုပြင်ပြောင်လဲရန်လိုအပ်သည့် အခြေခံအကျဆုံးအရာမှာ အခြေခံဥပဒေဖြစ်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် သွယ်ဝိုက်ကူညီရန် အထိရောက်ဆုံးနည်းလမ်းကို ရှာဖွေသင့်သည်။ ဥပမာ အကြံပြုဆွေးနွေးပွဲတွင် လယ်သမားများအား အခြေခံဥပဒေနှင့် ပတ်သက်သောပြဿနာများအား ပညာပေးခြင်း။
- မြန်မာနိုင်ငံတွင် အဓိကပြဿနာမှာ ဆင်းရဲခြင်းမဟုတ် နိုင်ငံရေးတွင်တရားမျှတမှုမရှိခြင်း နှင့် တိုင်းရင်းသားများတန်းတူညီမှုမရ ရှိခြင်းဖြစ်ကြောင်းသတိချပ်သင့်သည်။
- ကမ္ဘာ့ဘဏ်အနေဖြင့် ကုသသမဂ္ဂ၏ ဖွံ့ဖြိုးရေးပန်းတိုင်ကဲ့သို့ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လိုအပ်ချက်ကို တိုက်ရိုက်ဆောင်ရွက်ပေးသင့်သည်။ (၂)
- ကမ္ဘာ့ဘဏ်အုပ်စု၏ Safeguard policies ကိုပိုမိုထိရောက်စွာပြဋ္ဌာန်းသင့်သည်။ ကမ္ဘာ့ဘဏ်မှ အကောင်အထည်ဖော်မည့်စီမံကိန်းအား လူထုမှ ရပ်ဆိုင်းခွင့်၊ လုပ်ခွင့်ပေးနိုင်သော (Free Prior Informed

Consent) မှုပါဒအားလိုက်နာရန် တာဝန်ရှိသည်။ ကမ္ဘာ့ဘဏ်မှအကောင်အထည်ဖော်မည့် စီမံကိန်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်စေရန်ဂရုစိုက်လုပ်ဆောင်ရမည်။

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် CPF အားရေးဆွဲခြင်းထက် ဒုတိယ ကြားဖြတ်မဟာဗျူဟာကိုသာ ရေးဆွဲရန် စဉ်းစားသင့်သည်။
- နိုင်ငံဖွံ့ဖြိုးရေးအစီအစဉ်တွင် ကမ္ဘာ့ဘဏ်မှနိုင်ငံသားအခွင့်အရေးမရသော ရွှေ့ပြောင်းနေထိုင်နေကြရသူများ ၏ ကျန်းမာရေးနှင့် ပညာရေးရရှိရန်စဉ်းစားပေးသင့်သည်။

**နိုင်ငံရေးအကူးအပြောင်းကာလ ညင်သာမှုရှိခြင်း**

ကမ္ဘာ့ဘဏ်အုပ်စုမှ ပြုလုပ်မည့်စီမံကိန်းများသည် အငြင်းပွားမှုများမဖြစ်စေရန်ဂရုစိုက်ပါ။ (၂)

- တိုင်းရင်းသားဒေသများတွင် ပဋိပက္ခမှုများဆိုးရွားစွာမပေါ်ပေါက်စေရန် ကမ္ဘာ့ဘဏ်အုပ်စုမှ အောက်ခြေအထိ သုတေသနလုပ်ငန်းများလုပ်ဆောင်သင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုမှ မြန်မာ့ငွေကြေးတည်ငြိမ်စေရန် ဘဏ်စနစ်ကိုအကူအညီပေးသင့်သည်။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

- ကမ္ဘာ့ဘဏ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်စည် ကူးသန်းရောင်းဝယ်ရေးတစ်ခု တည်း ကိုသာ အာရုံမစိုက်သင့်ပေ။ စားသောက်ကုန်ပစ္စည်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး တို့သည်လည်းအရေးကြီးသော ဦးစားပေးများဖြစ်သည်။
- စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများပြုလုပ်ရာတွင် လုပ်ကွက်ငယ်ပိုင်ဆိုင်သူများ၏ အခွင့် အရေးနှင့် အသက်မွေးမှုကိုအကာအကွယ်ပေးရမည်။
- ရိုးမဘဏ်အားအကူအညီပေးခြင်းသည် လုပ်ကွက်ငယ်ပိုင်ဆိုင်သော လယ်သမားများအား မည်သည့် ထောက်ပံ့မှုမှ မရောက်ရှိနိုင်ပေ။

<u>မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကိုတိုးတက်အောင်ပြုလုပ်ခြင်း</u>

- မြေယာကဏ္ဍတွင်ကမ္ဘာ့ဘဏ်မှ ပါဝင်ကူညီသင့်သည်။ မြေယာကဏ္ဍတွင်ပါဝင်လုပ်ဆောင်ပါက တိုင်းရင်းသားများနှင့် အဖိနှိပ်ခံပြည်သူများ၏မြေယာပိုင်ဆိုင်ခွင့်ရရှိရန် အကူအညီပေးသင့်သည်။

**ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

- အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို SCD_CPF လုပ်ငန်းစဉ်များတွင် ထဲ့သွင်း ဆွေးနွေးသင့်သည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ စီးပွားရေးကိုလက်ဝါးကြီးအုပ်ထား သောကြောင့် အသေးစား၊ အလတ်စား လုပ်ငန်းများမှာ အခက်အခဲများစွာရင်ဆိုင်နေရသည်။
- FDI နှင့်ပတ်သက်၍ တိုင်းရင်းသားအဖွဲ့များမှ ၎င်းတို့ဒေသရှိ မူလသဘာဝသယံဇာတထုတ်ယူရေးတွင် နားလည်မှု စာချွန်လွှာတစ်ခုကို ကမ်းလှမ်းထားသည်။

**လျှပ်စစ်ကဏ္ဍ**

- လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတွင် ကမ္ဘာ့ဘဏ်မှ တပိုင်တနိုင်လျှပ်စစ်ဓါတ်အား အသုံးပြုရေးစနစ်နှင့် စီမံကိန်းငယ်များအား ထောက်ပံ့မှုပြုသင့်သည်။ ဆည်ကြီးများဆောက်လုပ် ခြင်းနှင့် ကျောက်မီးသွေး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းကို မလုပ်ဆောင်သင့်ပေ။
- သယံသဘာဝဓါတ်ငွေ့အတွက် ကမ္ဘာ့ဘဏ်မှထောက်ပံ့နေမှုများသည် အစိုးရ အတွက်သာ မဟုတ်ဘဲ ဒေသခံပြည်သူများပါ အကျိုးခံစားခွင့် ရှိအောင်ဆောင်ရွက်ပေးသင့်သည်။

**ကျန်းမာရေးနှင့် ပညာရေး**

- ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးထက်ပို၍ အကူအညီ ပေးရန်လိုအပ်သည်။ ဂန်ဆောင်မှုများတိုးတက်စေရန်လည်း အကူအညီပေးသင့်သည်။ (၂)
- ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရန်အရေးတကြီးလိုအပ်နေသည်။ ဗဟိုချုပ်ကိုင်မှုလျော့ချရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ဒေသသုံးဘာသာစကားအသုံးပြု၍ သင်ကြားခြင်းများလိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကျောင်းပြင်ပ ပညာရေးဌာနတစ်ခု တည်ထောင်ရန်လိုအပ်သည်။
- ရေရှည်အကျိုးရှိမည့် ကျန်းမာရေးနှင့် ပညာရေးဗျူဟာများ ပေါ်ပေါက်လာအောင်ကူညီသင့်သည်။ အခြားနိုင်ငံတကာ အလှူရှင်များလာရောက်ပြီး ဆရာများ၏လစာအတွက်အကူအညီပေးမည်ဟု ကတိပြုမှုများရှိသော်လည်း ထိုအကူအညီမှာ အသက်မဝင်သေးပေ။
- လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သောအဖွဲ့များမှ လုပ်ဆောင်နေသောစနစ်များအား လေ့လာစေချင်ပါသည်။ ပြီးနောက် အကျိုးထိရောက်မှုအရှိဆုံးသော နည်းလမ်းကိုအကူအညီပေးရန် စဉ်းစားစေလိုပါသည်။ ထိုဂန်ဆောင်မှုများသည် ပဋိပက္ခဖြစ်နေသော တိုင်းရင်းသားဒေသများတွင် နှစ်ကာလအတန်ကြာကြာ ဆောင်ရွက်ပေးနေသောကြောင့်ဖြစ်သည်။
- အခြေခံပညာရေးကိုသာမက အဆင့်မြင့်ပညာရေးကိုပါအကူအညီပေးရန် အရေးကြီးသည်။ တက္ကသိုလ် ပညာသင်ဆုများ ချီးမြှင့်ပေးရန်စဉ်းစားပေးစေလိုပါသည်။

လမ်းပန်းဆက်သွယ်ရေး

မူးယစ်ဆေးဝါးများကူးသန်းရောင်းဂယ်မှုမပြုနိုင်သော လုံခြုံသော ပတ်ဂန်းကျင်ရှိမည့် လမ်းပန်းဆက်သွယ်ရေး အား အကူအညီပေးရန် ကမ္ဘာ့ဘဏ်မှ လေ့လာမှုများဂရုတစိုက်ပြုလုပ်သင့်သည်။ လိုအပ်သည်ထက်ပိုသော လမ်းမကြီးများမဆောက်လုပ်သင့်ပါ။ သဘာဂပတ်ဂန်းကျင်ထိန်းသိမ်းရန်အတွက် မည်သည့်နေရာအားပကတိ အနေအထားအတိုင်း ထားရှိသင့်သည်ကို လေ့လာရန်လည်းအရေးကြီးပါသည်။

## အကြံပြုဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များစာရင်း

| Name | Organization |
|---|---|
| Saw Kolo Htoo | KTWG/KED |
| Khu Oo Reh | KNPP |
| Mo Solomnn | L.Q.H |
| Aung Moe Myint | RFA |
| Sai Oo | Pyidaongsu Insitute |
| S.D.Tharekabaw | UNFC |
| Wah Lar shwe | WLB |
| STEVE | KESAN |

| | |
|---|---|
| THOMPSON | |
| Duncan | |
| McArthur | TBC |
| Ursula Cals | We Women Foundation |
| Sara Zondag | Jungle School of Medicine-Kawthodei |
| Monn Nay Li | Kachin Women's Association |
| Paul Sein Twa | KESAN/BEWG |
| TWAN ZAW | ANC |
| Khun Myint Tun | PNLO |
| Hkun Okker | UNFC |
| Jason Gelbort | PILPG |
| Sai Aung | NMG |

*This participant did not want his/her name published.*
*This participant did not want his/her name published.*

| | |
|---|---|
| Frankie | TRIP NET |
| Kyaw Kyaw Min | |
| Htut | BEAM Education Foundation |
| Jennifer Leehey | CMU (RCSD) |